# September 16, 1966

## အမှတ်စဉ် (၉)

TIME INTERNATIONAL MAGAZINE
**Vol. 88 No. 12**

## ၂၀၀ ရာနှုန်းထိ ကြားနေမယ်



Gen Ne Win in 1960s

ဝါရှင်တန်ကို ရောက်လာကြတဲ့ အစိုးရဧည့်သည်တော် အများစုကတော့ မိုးလုံးပြည့် စကားအလှ တန်ဆာတွေကိုရေပက်မဝင်အောင် ပြောဆိုကြ၊ ပြန်သွားကြတဲ့အခါမှာတော့ ပျင်းရိပျင်းတွဲနဲ့ ညည်းညူသွားကြတာချည်းပါပဲ။3ါပေမယ့် လွန်ခဲ့တဲ့ အပါတ်က အိမ်ဖြူတော်ကို ရဟတ်ယာဉ်နဲ့ ရောက်လာခဲ့တဲ့၊ နှုတ်ခမ်းကိုတင်းတင်းစေ့ထားပြီး၊ မာကျောပုံရတဲ့အာရှသားလေး တစ်ဦးကတော့အဲ့သည့်အထဲမှာပါပုံမရပါဘူး။ သူက အိမ်ဖြူတော် ကနေ တည်ခင်းဧည့်ခံတဲ့ နေ့လည် စာစားပွဲမှာ ပြောကြားတဲ့မိန့်ခွန်းတွေထဲမှာ အတိုတောင်း ဆုံးလို့ ယူ ဆလို့ရတဲ့ မိန့်ခွန်းကိုပြောသွားခဲ့ပါ တယ်။ မြန်မာပြည်ရဲ့အာဏာရှင် ဗိုလ်ချုပ်ကြီး နေဝင်းက ဖန်ခွက်ကိုမြှောက်ပြီး “ အခုလိုထိတွေ့ဆက်ဆံမှုများကနားလည်မှုပိုမိုတိုး တက်ကောင်းမွန်လာရေး အတွက် အထောက်အကူပြုလိမ့်မယ် လို့ကျွန်တော်မျှော် လင့်ပါတယ်” လို့ ပြောခဲ့ပါတယ်။

အဲ့သည်နောက် သမ္မတ ဂျွန်ဆင်နဲ့ ၂ နာရီကျော်မျှ တစ်ဦးနဲ့တစ်ဦး မိတ်ဆက်တဲ့သဘော ပြောဆိုခဲ့ကြပြီး လက်ဆောင် ပစ္စည်းချင်းဖလှယ်ကြပါတယ်။ နေဝင်းအတွက်က ဂေါက်သီး ရိုက်တံ တစုံနဲ့ ဂျွန်ဆင်အတွက်ကကျွန်းနဲ့ လုပ်ထားတဲ့ ကော် ဖီစားပွဲတစ်စုံဖြစ်ပါတယ်။ အဲ့သည့်နောက်မှာတော့ မြန်မာ ခေါင်းဆောင်ဟာ အမေရိကန်ကို ၁၁ ရက်ကျော်ခရီးလှည့်လည်ဘို့ဆိုပြီး ပျောက်ခြင်းမလှပျောက်သွားပါတော့တယ်။ မှတ်မိသမျှ တွေထဲမှာတော့ အသံအတိတ်ဆုံးသော နိုင်ငံတော်ခရီးစဉ် တစ်ခုပါပဲ။

မြန်မာအကြီးအကဲတစ်ဦး အမေရိကန်မှာ ရောက်နေတယ်ဆို တဲ့ အချက်ကတင် သတင်းသမားတွေအတွက်တကယ်ကို ထူးခြားတဲ့ သတင်းတပု3 ရသွားခဲ့ပါပြီ၊ လွန်ခဲ့တဲ့ နှစ်လောက် ကထိ နေဝင်းရဲ့ “ဆိုရှယ်လစ်လမ်းစဉ်”ဆိုတာကြီးက နိုင်ငံကို ပီကင်းရဲ့ တံခါးဝ ရောက်အောင် တိုက်ရိုက်တွန်းပို့နေသလိုမျိုး ဖြစ်နေခဲ့ပါတယ်။ သူက စက်ဆုတ်ရွံရှာမှု အပြည့်နဲ့အမေရိကန်က အကူအညီပေးရေး အစီ အစဉ်တွေကို ဖြတ်တောက်ခဲ့ပြီးပါပြီ၊ အနောက်တိုင်းက စီးပွားရေး သမားတွေနဲ့ ခရစ်ယာန်သာသနာပြုအဖွဲ့တွေကို တိုင်းပြည်က မောင်းထုတ်ခဲ့ တဲ့အပြင်၊ ပြည်တွင်းဝင်ရောက်ရပ်နားခွင့်ပြုတဲ့ ဗီဇာကို ၂၄ နာရီပဲ ကန့်သတ်ပေးခဲ့ပါတယ်။ ပြီးတော့ ပြည်တွင်းမှာလည်းဘဲ၊ဘဏ်လုပ်ငန်းကနေ ငရုတ်သီးမှုံ့ ရောင်းဝယ်ရေး အထိအရာရာတိုင်းကို ပြည်သူပိုင်သိမ်း ခဲ့ပါတယ်။

မော်စီတုံးနဲ့ ပီကင်းက ကုသိုလ်ပြုဘုရားကျောင်းအနီးမှာ မခို့တယို့ စါတ်ပုံ အတူတွဲရိုက်ခဲ့ပြီး၊ ဆိုဗီယက်ဝန်ကြီးချုပ်ကိုဆီဂင် နဲ့လည်း သူရဲ့ ၁၀ ရက်ကြာ မော်စကို ခရီးစဉ်အ တွင်း ရင်းရင်းနှီးနှီး အတူတွဲ ရပ်နေခဲ့ ကြတဲ့ပုံကိုပါ တွေ့ခဲ့ရပါတယ်။ ရန်ကုန်မှာရှိတဲ့အမေရိကန်သံရုံးအရာရှိတွေနဲ့တော့ ခပ်ကင်းကင်းနေခဲ့ပါတယ်။ အဲ့သည် လို ဖြစ်နေချိန်မှာ ဝါရှင်တန်ကို သူရုတ်တရက် ရောက်လာတာ ဟာ ဘာကြောင့်လဲ လို့ မေးစရာ ဖြစ်လာပါတယ်။

နေဝင်းဟာ ရဲဘော် ၃ ကျိပ် ဝင်ဖြစ်ပြီး၊ သူ့ ရဲဘော် ၃ကျိပ်ဟာ ကြားနေတဲ့နေရာမှာ ၂၀၀ ရာနှုန်းထိ စိတ်ချရတယ်လို့ သူက ဆိုခဲ့ဘူးကြောင်း ဝါရှင်တန်က အရာရှိတွေ က ပြောပြပါတယ်။ သူ့အနေနဲ့က 3ကြားနေမှုကိုပီကင်း၊ မော်စကို နဲ့ ဝါရှင်တန်တို့ အကြားမှာ မျက်ဝါးထင်ထင် မြင်သွားစေချင်တဲ့ အာသီသကလည်းရှိနေပုံရပါတယ်။အဲ့သည့်အတွက်ပဲ စစ်အေးတိုက်ပွဲ ဆင်နွှဲ နေကြတဲ့ နိုင်ငံ ၃ နိုင်ငံကို သူအလည်အပါတ်သွား ရောက်ခဲ့တာလည်းဖြစ်ပါတယ်။ နောက်တချက်က နေဝင်းအနေနဲ့ ဝါရှင်တန်ကသူ့အစိုးရကို ဖျက်လိုဖျက်ဆီး လုပ်မှာမဟုတ်ဘူး

ဆိုတာကိုလည်း သဘောပေါက်ခဲ့တာကြောင့်ကလည်း တစ်ကြောင်းပါပါတယ်။ ဝါရင့်တန်အနေနဲ့ကလည်း ဗိုလ်ချုပ်ကြီးရဲ့ ပြည်တွင်းမှာ ကျင့်သုံးနေတဲ့ မူဝါဒ တွေကို သဘောမကျ သော်လည်းပဲ အခုလိုမြန်မာပြည်ဘက်မလိုက်ဘဲလွတ်လွတ်လပ်လပ် ဖြစ်နေတာအာရှတိုက်အတွက်အကောင်းဆုံးဘဲလို့ ဆုံးဖြတ်ထားခဲ့ပြီးဖြစ်ပါတယ်။

၁၉၆၂ မှာ နေဝင်းကဝန်ကြီးချုပ် ဦးနုကိုဖြုတ်ချ အာဏာသိမ်းယူပြီး ကတည်းက မြန်မာပြည်ကို ပြတ်ပြတ်သားသားအုပ်ချုပ်လာခဲ့တာကိုတွေ့ရှိရပါတယ်။ သူ့အနေနဲ့ အင်ဒိုနီးရှားမှာ ဆူကာနိုလက်ထက် လက်ဝဲဝါဒ ခေတ်ကောင်းခဲ့တဲ့ ကာလကို အမှတ်ရနေတာကြောင့်လည်း ဖြစ်ပါတယ်။ နေဝင်းရဲ့ ဇနီး ကစ်တီ (ဒေါ်ခင်မေသန်း) က သူ့ယောက်ကျ်ားရဲ့ အာဏာ ရှင်စနစ်ကို စကားတွေ ဖေါင်ဖွဲ့အောင် ပြောပြီး ကာကွယ်ပေး နိုင်ခဲ့တဲ့ သူတစ်ဦးပါ။ သူမက ဝါရှင်တန်မှာရှိစဉ်“ကလေး ကို အသားကျွေးချင်ယင်၊ နို့ကို အရင်ဖြတ်ရမယ်” လို့ ညှော်ခံပွဲမှာ ပြောခဲ့ပါတယ်။

နေဝင်းဟာ ၁၉၄၁ တုံးက ဂျပန်တွေက ကိုလိုနီစနစ် ဆန့်ကျင်ရေးအတွက် အထူးရွေးချယ်လေ့ကျင့်ပေးထားတဲ့ ရဲဘော် သုံးကျိပ်ဝင် တစ်ဦးပါ။ ဂျပန်က ထောက်ခံမှုပေးထားတဲ့ မြန့်မာ့ လွတ်လပ်ရေး တပ်မတော်မှာ ဗိုလ်မှူးအဆင့်နဲ့ ရှိခဲ့ပြီး သူ့ဆရာ သမားတွေကို နှစ်ပေါက်တစ်ပေါက်ရိုက်ကာ အမျိုးသားရေး ဝါဒီတစ်ဦး ဖြစ်လာခဲ့ပါတယ်။ ၁၉၄၈မှာ ဗြိတိသျှလက်အောက်ကနေ လွတ်လပ်ရေးရပြီးတဲ့နောက် နေဝင်းဟာ ကာကွယ်ရေး ဦးစီးချုပ်ဖြစ်လာပါတယ်။အင်းယားကန်ဘေးမှာ ပါတီပွဲကြီးတွေ ခမ်းခမ်းနားနားပေးတာတို့၊ ဈေးကြီးလှတဲ့မြင်းပွဲ တွေမှာပါရ လောင်းကစားရတာတို့ကို ကိုဝါသနာကြီးသူတစ်ဦးလည်း ဖြစ်ပါတယ်။

နေဝင်း အခုလို လူ့မလိုင်လို နေထိုင်ခဲ့တဲ့ ဘဝဟာ ၁၉၅၈ မှာ အဆုံးသတ်ဘို့ဖြစ်လာခဲ့ရပါတယ်။ တိုင်းပြည်မှာပြည်တွင်း စစ်ကြီး ဖြစ်တော့မယ့် အန္တရာယ်တွေ နဲ့ရင်ဆိုင်လာနေ ရပါ တယ်။ အစိုးရကို နှစ်ပေါင်း ၁၀နှစ်နီးပါးပြောက်ကျားစစ်ပွဲ ဆင် နွှဲနေတဲ့ မြန်မာပြည်ကွန်မြူနစ်ပါတီကို တရားဝင်အဖြစ် အသိ အမှတ်ပြုရေး၊ မပြုရေးဆိုတာနဲ့ ပါတ်သက်ပြီး ဦးနုရဲ့ အစိုးရ အဖွဲ့ထဲမှာ သဘောကွဲလွဲမှုတွေ ဖြစ်ပေါ်နေပါတယ်။ သမရိုးကျ အာဏာသိမ်းပွဲ ဖြစ်ပေမယ့် နေဝင်းတပ်တွေ လှုပ်ရှားမှုက လျပ်လက်သလို လျင်မြန်လွန်းလှပါတယ်။ “ကျုပ်တို့အနေနဲ့ ဒီအနီတွေကို ရေကုန်ရေခန်း တိုက်သွားရမယ်” လို့ သူက ကြေငြာခဲ့ပါတယ်။

သူ့ရဲ့ တိုက်ပွဲက အဲ့သည်မှာတင်ရပ်မသွားပါဘူး၊ ၁၉၅၈ ကနေ ၆၀ အထိ မြန်မာပြည်ရဲ့ ကူးသန်းရောင်းဝယ်ရေးလောက ကို လက်ဝါးကြီးအုပ်ထားကြတဲ့ တရုတ်၊ ကုလား ကုန်သည်တွေ ကိုပါ ဆက်တိုက်ခဲ့ပါတယ်။ ပြင်းထန်လှတဲ့အမျိုးသားရေး သဘောသဘာဝကို ဆွပေးလိုက်ခြင်းဖြင့် တိုင်းပြည်ရဲ့ အက်ကွဲ နေတဲ့ အမျိုးသား ညီညွတ်ရေးကိုခိုင်မာအောင် ပြုလုပ်နိုင်ခဲ့ ပါတယ်။

၁၉၆၀ မှာနေဝင်းကဦးနုကိုအာဏာပြန်လည်လွှဲပြောင်း ပေးခဲ့ သော်လည်း၊ အက်ရာကွဲရာ အဟောင်းကြီးကတဖန် ပြန်ပေါ်လို့ လာနေခဲ့ပြန်ပါပြီ၊ ခြိုးခြံခြွေတာပြီး စည်းကမ်းတကျ အုပ်ချုပ်ခဲ့လို့ရှိရင်တော့ တိုင်းပြည်ကို ကယ်တင်နိုင်လိမ့်မယ်လို့ ယူဆပြီး ၁၉၆၂ မှာတော့ ကက်ဘိနက်တဖွဲ့လုံးကို ထောင်ထဲ ထည့်ပြီး အာဏာပြန်ယူခဲ့ပါတယ်။

အနည်းဆုံး စီးပွားရေးအရပြန်လည်အဖတ်ဆည်နိုင်ဘို့ကတော့ အဝေးကြီး ရှိနေပါသေးတယ်။ ပြည်ပ ဩဇာလွှမ်းမိုးမှုကို လျော့ ချနိုင်ဘို့ နေဝင်းဟာ တိုင်းပြည်စီးပွားရေးရဲ့ ကဏ္ဍပေါင်းစုံနီးပါး လောက်ကို ပြည်သူပိုင်ပြုလုပ်ခဲ့ပါတယ်။ တိုင်းပြည်ရဲ့အမျိုး သား ဂုဏ်သိက္ခာအတွက်ကတော့ ဒီလုပ်ရပ်တွေက ကျေနပ် နှစ် သိမ့်စရာတော့ဖြစ်ခဲ့ရတာတော့ အမှန်ပါ။ သို့သော်လည်း မန်နေဂျာများ ကျွမ်းကျင်သူပညာရှင်များအနေနဲ့ကတော့ ဆုံးရှုံးမှုကြီးစွာဖြစ်ခဲ့ရပါတယ်။

မြန်မာပြည်ဟာ တခါက ဆန်တင်ပို့ရောင်းချတဲ့ထိပ်တန်းနိုင်ငံ တွေထဲမှာ ပါဝင်ခဲ့ပါတယ်။ အခုအခါမှာတော့ သူ့နိုင်ငံသား တွေကို ဆန် ခွဲတမ်းနဲ့ ပေးနေရတဲ့ အနေအထားမှာ ရှိနေပါပြီ။ အဝတ်စတွေ ထုတ်ရောင်းတော့မယ်လို့ ကောဠဟာဠ ဖြစ်ခဲ့ တုံးကဆို ဆူးလေဘုရားလမ်းမကြီးပေါ်မှာရှိတဲ့အစိမ်းရောင် နောက်ခံပေါ်မှာ အဖြူရောင်စာလုံးကြီးနဲ့ ပြည့်သူ့ဆိုင်လို့ ရေး ထားတဲ့ စတိုးဆိုင်ကြီးရှေ့မှာဆိုအလွန်ရှည်လျားတဲ့လူတန်း ကြီးကိုတွေ့ကြရပါတယ်၊ သို့သော်ငြားလဲ ဘာမှမရဘဲလက်ချည်း ပြန်ကြရတာများပါတယ်

ရန်ကုန်မှာဆို ပုဇွန်ကနေအာလူးအထိအရာရာတိုင်းဟာ အမြဲ လိုလိုကိုပြတ်လတ်နေပါတယ်၊ မလုတ်တတ်မကိုင်တတ် နဲ့ အမှားမှား အယွင်းယွင်း ဖြစ်နေတဲ့ အရာရှိလုပ်သူတွေ

ကြောင့်စားသောက်ကုန် တော်တော်များ များဟာကုန်လှောင်ရုံ ထဲမှာတင်ပုတ်သိုးကုန်ကြပါတယ်။ စားလို့မရတော့တဲ့ဟင်းသီး ဟင်းရွက် တွေဆိုလို့ရှိရင် ရန်ကုန်မြစ်ထဲကို နှစ်စဉ် တန်နဲ့ ချီပြီး လွှတ်ပြစ် နေရတာ တွေ့ရပါတယ်။

နေဝင်းဟာ ခုချိန်ထိ လယ်သမားတွေနဲ့ အင်အား ၁၂၈၀၀၀ လောက်ရှိတဲ့ စစ်တပ်ရဲ့ ထောက်ခံမှုကို အခိုင်အမာရနေဆဲပါ။ ကရင်၊ ကချင် နဲ့ ရှမ်း အစရှိတဲ့ လူမျိုးစုသူပုန်တွေနဲ့ တိုက်ပွဲ တွေကတော့ သစ်တောထူထပ်တဲ့ နိုင်ငံရဲ့ အစွန်အဖျားတွေမှာ ဆက်လက်ဖြစ်ပွားနေသော်လည်း၊ လူဦးရေထူထပ်တဲ့ မန္တလေး ရဲ့ တောင်ဖက် မြစ်ဝှမ်းဒေသဖက်တွေဆီမှာတော့ အတော် လေး ငြိမ်သက်အေးချမ်းပြီး၊ စိတ်လက်ချမ်းသာရှိနေကြတာ တွေ့ရပါတယ်။ ရန်ကုန်မှာကတော့အခါအားလျော်စွာဟိုနေရာ သည်နေရာကအယူအဆကွဲတဲ့သူတွေရဲ့ အသံတွေထွက် ထွက် လာခဲ့လို့ရှိရင်တော့ နေဝင်းက ပြင်းပြင်းထန်ထန် သတိ ပေးခဲ့ တာမျိုးတွေလုပ်၊ မရလို့ရှိရင် ထောင်ထဲထဲ့ပစ် လိုက်တာ မျိုး တွေ နဲ့ ထိမ်းထားနိုင်နေခဲ့ပါတယ်။

မြန်မာပြည်ဟာတရုတ်နီနဲ့မိုင်ပေါင်း ၁၂၀၀ လောက်နယ်နိမိတ် ချင်း ဆက်စပ်နေပါတယ်၊ နေဝင်းက တရုတ်တွေနယ်ပါယ်ချဲ့ ထွင်လာမှာကို စိုးရိမ်ထိတ်လန့်မှု ရှိနေခဲ့တယ်လို့ ဝန်ခံခဲ့ဘူး ပါတယ်၊ ပြဿနာ မဖြစ်ရအောင် တရုတ်ကိုစည်းရုံး သိမ်းသွင်း နေရပြီး၊ တချိန်တည်းမှာ တရုတ်က ရမယ်ရှာပြီး ကျူးကျော် လာ မှာကြောင့် အမေရိကန်နဲ့ သိတ်မပါတ်သက်ပဲခပ်ကင်းကင်းနေ နေရပါတယ်။ အရှေ့တောင်အာရှမှာ အမေရိကန်ရဲ့ ရပ်တည် ချက်ကို မြန်မာတွေ သဘောကျပုံ ရှိနေပေမယ့်တရုတ် တွေ ကသူတို့နယ်ခြားကိုစိတ်ဝင်စားခြင်းမရှိမှသာသူတို့ အဖို့လုံခြုံမှု ရှိမယ်လို့ ယုံကြည်ကြပါတယ်။

နေဝင်းက ၂၁ လကြာအောင် သူ့နိုင်ငံကနေ ခရီးထွက်သွားခဲ့ တာကိုကြည့်ရင်၊ လုံခြုံစိတ်ချရမှု ရှိနေတယ်ဆိုတဲ့အတိုင်းအ တာ ကို ခန့်မှန်းသိနိုင်ပါတယ်။ လွန်ခဲ့တဲ့ အပါတ်က အမေရိ ကန်ကို ရောက်မလာခဲ့မီ၊ ဗြိတိန်မှာ ၆ ပါတ်လောက် အချိန် ဖြုန်းခဲ့ပြီး၊ ဆေးကုသခံတာတို့၊ သူ့အကြိုက် ဂေါက်သီးရိုက်တာ တို့ လုပ်ခဲ့ပုံရပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ချုပ် ဦးသန့်နဲ့ နေလည်စာ အတူစားဘို့ ဝါရှင်တန်ကနေ နယူး ရောက်ကို ထွက်ခွာသွားခဲ့ပါတယ်။ အဲ့သည်နောက်မှာသတင်း စာ၊ တယ်လီဗီးရှင်းနဲ့လူတွေကြားတည်း သွားလာတာမျိုးတို့ကို အထူးရှောင် ရှားရင်းက ကာလီဖိုးနီးယား တို့ ဟာဝိုင်ရီ ဖက်မှာ စိတ်လွှတ်ကိုယ်လွှတ် အပန်းဖြေခရီး စမှာဖြစ်ပါတယ်။